# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
# (၂၄)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
## (၂၀၁၆ ခုနှစ်၊ မေလ ၉ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၇၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ ၉-၅-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၁ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၂ ဦး ရှိပါတယ်။ ၎င်းတို့ကတော့-

(၁) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၉ ရက်၊

(၂) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၉ ရက်၊

(၃) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၅ ရက်၊

(၄) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၈ ရက်၊

(၅) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၈ ရက်၊

(၆) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၈ ရက်၊

(၇) မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင် ခွင့် ၈ ရက်၊

(၈) ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဇဲလ်(ခ)ဆလိုင်းရန်းဇယ် ခွင့် ၈ ရက်၊

(၉) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၈ ရက်၊

(၁၀) မင်းပြားမဲဆန္ဒနယ်မှ ဒေါက်တာစစ်နိုင် ခွင့် ၈ ရက်၊

(၁၁) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း ခွင့် ၈ ရက်၊

(၁၂) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၈ ရက်၊

(၁၃) ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ ခွင့် ၈ ရက်၊

(၁၄) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၁၂ ရက်၊

(၁၅) ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ခွင့် ၁ ရက်၊

(၁၆) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၁ ရက်၊

(၁၇) စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ခွင့် ၁ ရက်၊

(၁၈) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊

(၁၉) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၁ ရက်၊

(၂၀) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၁ ရက်၊

(၂၁) ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ခွင့် ၁ ရက်၊

(၂၂) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၃ ရက်၊

(၂၃) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် ခွင့် ၄ ရက်၊

(၂၄) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၅ ရက်၊

(၂၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်စိုးမြင့် ခွင့် ၅ ရက်၊

(၂၆) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး ခွင့် ၅. ရက်၊

(၂၇) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးထိန်ဦး ခွင့် ၅ ရက်၊

(၂၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး ခွင့် ၅ ရက်၊

မူကြမ်း

(၂၉) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်နိုင်ဦး ခွင့် ၅ ရက်၊

(၃၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲထွန်းနိုင် ခွင့် ၁ ရက်၊

(၃၁) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၂ ရက်နှင့်

(၃၂) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ဒါကြောင့်မို့လို့ ယခင် ခွင့်ပန်ကြားထားသူ ၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၃၂ ဦး စုစုပေါင်း ခွင့်ပန်ကြားထားသူ ၃၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**တရားဥပဒေစိုးမိုးရေး အားကောင်းလာစေရန်အတွက် ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြည်သူ့ဆန္ဒနှင့်အညီ ပြန်လည်ရေးဆွဲရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ ။** ။ ပထမဦးစွာ စလင်းမဲဆန္ဒနယ်မှ ဦးကံဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကံဦး(စလင်းမဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းလိုက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံဦးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေသည် အခြေခံပြည်သူလူထုအများစုနေထိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာများတွင် တရားဥပဒေစိုးမိုးရေးကို လွန်စွာအားနည်းပါတယ်။ ဥပမာ အိမ်ထောင်စု ၁၀၀ ရှိသော ကျေးရွာအုပ်စုတစ်ခုတွင် ဆယ်အိမ်မှူး ၁၀ ဦးသာရှိရာ အုပ်ချုပ်ရေးမှူးဖြစ်လိုသူတစ်ဦးသည် ဆယ်အိမ်မှူး ငါးဦးကို လာဘ်ပေးလာဘ်ယူပြုလုပ်ရုံဖြင့် အုပ်ချုပ်ရေးမှူးဖြစ်ပါတယ်။ လူနည်းစုကို လာဘ်ပေးလာဘ်ယူပြုပြီးတော့ လွယ်ကူစွာ အုပ်ချုပ်ရေးမှူးဖြစ်သူများသည် မည်သည့်ဥပဒေကိုမျှ မလေးစားကြတော့ပါ။ အကယ်၍ တစ်အိမ်ထောင်တစ်မဲစနစ်ဖြင့် ကျင့်သုံးကြည့်တော့ ပြည်သူဆန္ဒဖြင့် အုပ်ချုပ်ရေး ရေးဆွဲမယ်ဆိုလျှင် လွယ်ကူစွာ လာဘ်ပေးလာဘ်ယူမှုဖြင့် အုပ်ချုပ်ရေးမှူး မဖြစ်တော့ပါ။ အများဆန္ဒဖြင့် ရွေးချယ်သည့်အတွက် တရားဥပဒေစိုးမိုးရေးလည်း အားကောင်းလာမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တရားဥပဒေစိုးမိုးရေး အားကောင်းလာစေရန်အတွက် ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေကို ပြည်သူ့ဆန္ဒနှင့်အညီ ပြန်လည်ရေးဆွဲရန် အစီအစဉ်ရှိ/မရှိကို သိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌ ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ စလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံဦးရဲ့ တရားဥပဒေစိုးမိုးရေးအားကောင်းလာစေရန်အတွက် ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြည်သူ့ဆန္ဒနှင့်အညီ ပြန်လည်ရေးဆွဲရန်အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများရဲ့ အုပ်ချုပ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ဖို့အတွက် ၁၉၀၇ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေ အမှတ် ၆ ဖြင့် ပြဋ္ဌာန်းခဲ့တဲ့ ၁၉၀၇ ခုနှစ်၊ မြို့များအက်ဥပဒေနှင့် ၁၉၀၇ ခုနှစ်၊ ကျေးရွာအက်ဥပဒေများအရ ရပ်ရွာလူကြီးခေါ် သူကြီး၊ ယနေ့အခေါ် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ချုပ်ရေးမှူးများကို ခန့်အပ် တာဝန်ပေးခဲ့ရာ ၂၀၁၁ ခုနှစ်မှာ စတင်၍ ဒီမိုကရေစီနိုင်ငံရေးစနစ်ဖြင့် နိုင်ငံရဲ့ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများ သိမ်မွေ့ညင်သာစွာ အသွင်ကူးပြောင်းနိုင်ရေး အရှိအဟုန်ဖြင့်ဆောင်ရွက်လျက် ရှိခြင်းတို့ကြောင့် ဖြစ်ပေါ်ပြောင်းလဲလာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအဆင့်များရဲ့ အုပ်ချုပ်ရေးစနစ်များကိုလည်း ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့ပါတယ်။ ၁၉၀၇ ခုနှစ်၊ မြို့များအက်ဥပဒေနှင့် ၁၉၀၇ ခုနှစ်၊ ကျေးရွာအက်ဥပဒေများဟာ အင်္ဂလိပ်အစိုးရ လက်ထက် ကိုလိုနီခေတ်ကတည်းက ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေဖြစ်တဲ့အတွက် ယင်းအက်ဥပဒေပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်မှုစနစ်သည် လုပ်ပိုင်ခွင့်များ၊ တာဝန်များ၊ စကားရပ်အခေါ်အဝေါ်တွေဟာ လက်ရှိပြောင်းလဲလာတဲ့ ခေတ်ကာလအခြေအနေများနှင့် လျော်ညီမှု မရှိတော့တဲ့အတွက်ကြောင့် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၈၉ မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရဲ့ အုပ်ချုပ်ရေးကို ရပ်ရွာက ကြည်ညို လေးစားပြီး သိက္ခာသမာဓိရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးဆောင်ရွက် စေရမည်ဟု ပြဋ္ဌာန်းထားခြင်းကြောင့်လည်းကောင်း၊ ယင်းသို့ခန့်အပ်တာဝန်ပေးရာမှာ ရပ်ကွက်

သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးစီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းတွေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ မျက်မှောက်ခေတ်ကာလအခြေအနေနဲ့ ကိုက်ညီမှုရှိတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေမူကြမ်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်တဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ဥပဒေမူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲတွေကို အကြိမ်ကြိမ်ပြုလုပ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ်မှ စတင်ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ ရေးဆွဲဆောင်ရွက်ထားတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေမူကြမ်းကို ပြည်ထဲရေးဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်တင်ပြခဲ့ပြီး ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးအတည်ပြုချက်များဖြင့် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ဥပဒေမှာ အခန်း ၁၅ ခန်း၊ ပုဒ်မပေါင်း ၃၇ ခု ပါရှိပါတယ်။

ဆွစ်ဇလန်နိုင်ငံ၊ ဂျနီဗာမြို့မှာပြုလုပ်တဲ့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံမှာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ်မှ အာမခံချက်အဖြစ် တင်သွင်းတဲ့ ILO အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့ အကြံပြုချက်ဖြစ်တဲ့ အဓမ္မလုပ်အားပေးခိုင်းစေမှုပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေပြဋ္ဌာန်းချက်များမှာ ထည့်သွင်းနိုင်ရန် အလုပ်သမားရေးဝန်ကြီးဌာနက ၂၀၁၂ ခုနှစ်၊ မတ်လ ၅ ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားလာခြင်းကြောင့် ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေမှာ ပြင်ဆင်ဖြည့်စွက်နိုင်ရေး ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ ကိစ္စရပ်ကို ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေရဲ့ ပုဒ်မ ၂၇ ပုဒ်မခွဲ(က)အဖြစ် ထပ်မံဖြည့်စွက်ပြီး ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၂ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေအဖြစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါတယ်။၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေများကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ်(၃၈၆/၂၀၁၂)ဖြင့် ထုတ်ပြန်ခဲ့ပြီး ထိုသို့ထုတ်ပြန်ထားတဲ့နည်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၇ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၅၇

ပုဒ်မခွဲ(က)တို့နှင့်အညီ လွှတ်တော်နှစ်ရပ် သို့ တင်ပြခဲ့ပါတယ်။ ယင်းနည်းဥပဒေများကို လွှတ်တော်နှစ်ရပ်မှ ပြင်ဆင်လိုသည့် အချက် ကိုးချက်ဖြင့် ပြင်ဆင်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ်(၇၂၈/၂၀၁၃)နဲ့ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ ရာထူး၊ သက်တမ်းနှင့်စပ်လျဉ်းပြီး လုပ်ငန်းလိုအပ်ချက်အခြေအနေများအရလည်းကောင်း၊ နောက်လာမယ့် သက်တမ်းကာလများအတွက် ရွေးချယ်အဖွဲ့များ ကျင်းပရာမှာလည်းကောင်း၊ အဆင်ပြေလွယ်ကူမှုရှိစေနိုင်ရန်အတွက်လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများရဲ့ လုပ်ငန်းတာဝန်လွှဲပြောင်းလက်ခံခြင်းကို အဆင်ပြေချောမွေ့စွာလုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ ရာထူး၊ သက်တမ်းအတွက် နောက်ဆုံးတာဝန်ထမ်းဆောင်ရမယ့် ကာလသတ်မှတ်ချက်ကို တိတိကျကျပြဋ္ဌာန်းရန်လိုအပ်တဲ့အတွက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှာ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃ ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။

မျက်မှောက်ကာလမှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်အပ် တာဝန်ပေးအပ်ခြင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရဲ့ အုပ်ချုပ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်းပြီး ယင်းဥပဒေ၊ နည်းဥပဒေများကိုသာ ကိုင်တွယ်ကျင့်သုံးဆောင်ရွက်လျက်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တရားဥပဒေစိုးမိုးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေများ အခန်း(၄)၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရဲ့ လုပ်ငန်းတာဝန်များမှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းနှင့် ဒုစရိုက်မှုကာကွယ်ရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းတို့အတွက် ဆောင်ရွက်ရမည့် အချက်များကိုလည်း တိတိကျကျ ထည့်သွင်းပြဋ္ဌာန်းထားရှိပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများရဲ့ ရွေးချယ်ခန့်အပ်နိုင်ဖို့အတွက် (၁၀)အိမ်စုကိုယ်စားလှယ်များကို ရွေးချယ်ရာမှာ ကြီးကြပ်ရေးအဖွဲ့မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများရဲ့ နည်းဥပဒေ ၅ နှင့်အညီ (၁၀)အိမ်စုများ စုဖွဲ့စေပြီး နည်းဥပဒေ ၆ အရ (၁၀)အိမ်စု တစ်စုမှာ နေထိုင်သော အိမ်ထောင်ဦးစီး သို့မဟုတ် ၁၈ နှစ်

ပြည့်ပြီးတဲ့ အိမ်ထောင်စုကိုယ်စားလှယ်တစ်ဦးစီကို စုစည်း၍ ယင်းအိမ်ထောင်စုကိုယ်စားလှယ်များ အတွင်းမှ ဥပဒေပုဒ်မ ၅ ပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအတွက် ပြည့်စုံရမယ့် အရည်ချင်းများနဲ့ ပြည့်စုံသူတစ်ဦးကို အိမ်ထောင်စုကိုယ်စားလှယ်အချင်းချင်း လျှို့ဝှက်မဲပေး၍ ရွေးချယ်စေရမည်ဖြစ်ရာ အများဆန္ဒနှင့်ညီညွတ်မှုရှိမှသာ (၁၀)အိမ်စုကိုယ်စားလှယ်များအဖြစ် ရွေးချယ်ခံရမှာဖြစ်ပါတယ်။ ဆက်လက်ပြီးရွေးချယ်အတည်ပြုတဲ့ ဆယ်အိမ်စုကိုယ်စားလှယ်များ အတွင်းမှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ်တာဝန်ပေးရန် သင့်တော်သူများ ရဲ့အမည်ကို (၁၀)အိမ်စုကိုယ်စားလှယ်အချင်းချင်း ကြီးကြပ်ရေးအဖွဲ့ထံသို့ အဆိုပြုတင်ပြရမည် ဖြစ်သည်။ ယင်းသို့ အဆိုပြုထားသူများအနက်မှ တစ်ဦးကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ရပ်ကွက်၊ ကျေးရွာ အုပ်စုတစ်ခုလုံးမှာရှိတဲ့ အိမ်ထောင်စုကိုယ်စားလှယ်များမှ ရွေးချယ်ထားတဲ့ ဆယ်အိမ်စုကိုယ်စားလှယ်များအားလုံးက လျှို့ဝှက်ဆန္ဒမဲပေးပြီး ရွေးချယ်ကြရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ခန့်အပ်ရာမှာ ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များအတိုင်း အများဆန္ဒနှင့်အညီ ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ် ခန့်အပ်ခြင်းသာဖြစ်ပါတယ်။ သို့ပါ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများကို စတင်ရေးဆွဲချိန်ကသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အများဆန္ဒနှင့် ဒီမိုကရေစီနည်းလမ်းတကျ ခန့်အပ်တာဝန် ပေးအပ်ပြီး အုပ်ချုပ်ရေးဆိုင်ရာကိစ္စများ လုံခြုံရေးတရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို တိတိကျကျဆောင်ရွက်စေနိုင်မည့် ဥပဒေ၊ နည်းဥပဒေများဖြစ်ပေါ်လာစေရေးအတွက် ပြည်ထဲရေး ဝန်ကြီးဌာနသည် အခြားဆက်စပ်ဌာနများ၊ ဥပဒေပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များရဲ့ အကြံပြုချက်များရယူ၍ လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေး အဖွဲ့နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ ဥပဒေအကြံပြုချက်များရယူ၍လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ရွေးချယ်ဖွဲ့စည်းထားသည့် လွှတ်တော်နှစ်ရပ်၏အတည်ပြုချက်ရယူ၍ လည်းကောင်း ရေးဆွဲပြဋ္ဌာန်းခဲ့သည့်အပြင် ယင်းဥပဒေ၊ နည်းဥပဒေများကို လိုက်နာအကောင်အထည် ဖော်ရာ၌ ဖြစ်ပေါ်လာသည့်အားနည်းချက်များကိုလည်း အဆင့်ဆင့်စိစစ်ပြင်ဆင်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိခြင်းတို့ကြောင့် ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး

ဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် လတ်တလောပြင်ဆင်ရေးဆွဲရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အခြေခံကျသော မူးယစ်ဆေးဝါးထုတ်လုပ်သူနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာ စက်ရုံ၊ အလုပ်ရုံတို့ကို အဘယ်ကြောင့် ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်း မရှိပါသနည်း၊ စက်ရုံ၊ အလုပ်ရုံများသည် လက်နက်ကိုင်အဖွဲ့များ စိုးမိုးထားသော နယ်မြေများ၌ ရှိနေပါသနည်းဟုဆိုလျှင် အမြစ်ပြတ်ချေမှုန်းနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်မောင်(ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါးအန္တရာယ်ကို ကြီးမားစွာရင်ဆိုင်နေရပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂကြီးရဲ့ ခန့်မှန်းချက်အရလည်း ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါး ထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံဟု ဖော်ပြ ထားပါတယ်။ ထိုခန့်မှန်းချက်အရ မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် နာမည်ဆိုးဖြင့် ကျော်ကြားတဲ့ နိုင်ငံသူ နိုင်ငံသားများ ကမ္ဘာ့အလယ်တွင် မျက်နှာငယ်သိက္ခာ ကျဆင်းလျက်ရှိပါတယ်။ ပဏာမကြီးမားသော မူးယစ်ဆေးဝါးများကို အကြိမ်ကြိမ်ဖမ်းမိသော်လည်း ဖမ်းဆီးမှုများသည် ကိုယ်တိုင်ဖြန့် ချီရောင်းချနေသူများကိုသာ အဓိက ဖမ်းမိနေခြင်းသာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ အမြစ်ပျက် ချေမှုန်းရန်မဖြစ်နိုင်ပါ။ ကိုင်းဖျား၊ ကိုင်းနားခုတ်ပစ်ခြင်းသာ ဖြစ်ပါတယ်။ အဓိကထုတ်လုပ်နေသူများ နှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာ စက်ရုံ၊ အလုပ်ရုံများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ကျွန်တော်မေးလိုတဲ့ မေးခွန်းက အဘယ်ကြောင့်အခြေခံကျသော မူးယစ်ဆေးဝါးထုတ်လုပ်သူနှင့် မူးယစ်ဆေးဝါးထုတ်လုပ်သူက စက်ရုံ၊ အလုပ်ရုံများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းမရှိပါမည်။ အကယ်၍ ထိုစက်ရုံအလုပ်ရုံများသည် လက်နက်ကိုင်အဖွဲ့များ စိုးမိုးရာနေရာများ၌ ရှိနေပါသည်ဟုဆိုလျှင် အမြစ်ပြတ်ချေမှုန်းနိုင်ရန် စီစဉ်ထားခြင်း ရှိ/မရှိကို သိလိုပါသည်။ အားလုံး ကျေးဇူးတင်ပါသည်။

**မူကြမ်း**

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင်ရဲ့ အခြေခံ ကျသော မူးယစ်ဆေးဝါးထုတ်လုပ်သူနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာ စက်ရုံ၊ အလုပ်ရုံတွေကို အဘယ်ကြောင့် ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်း မရှိပါသနည်း။ ထိုစက်ရုံ၊ အလုပ်ရုံများသည် လက်နက်ကိုင်အဖွဲ့အစည်းများအား စိုးမိုးထားသော နေရာများမှာရှိနေပါသည်ဟုဆိုလျှင် အမြစ်ပြတ်ချေမှုန်းနိုင်ရန် စီစဉ်ထားခြင်းရှိ/မရှိ နှင့်စပ်လျဉ်း၍ ကျွန်တော်မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးဟာ နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုးတည်း၏ ပြဿနာမဟုတ်ဘဲ ကမ္ဘာ့လူသားအားလုံးအတွက် လူညွှန့်တုံးစေနိုင်သော အန္တရာယ်ဖြစ်တဲ့အတွက် မူးယစ်ဆေးဝါးပပျောက်ရေးကို ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံဟာလည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာမှာ ဖော်ပြထားချက်အရ ကမ္ဘာ့လူဦးရေများအနက် အရွယ်ရောက်သူ သန်း ၂၃၀ ကျော်ဟာ မူးယစ်ဆေးဝါးကို တစ်ကြိမ်းသုံးစွဲခဲ့သူများဖြစ်ပြီး ၂၇ သန်းခန့်ကတော့ မူးယစ်ဆေးဝါးသုံးစွဲလျက်ရှိကြောင်းနှင့် နှစ်စဉ် ဝ.၂ သန်းခန့်ကို မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် သေဆုံးလျက်ရှိကြောင်း သိရှိရပါတယ်။ နိုင်ငံတော်မှာ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အစိုးရခေတ်အဆက်ဆက်ကနေ ယနေ့တိုင်အောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဘက်ပေါင်းစုံကနေ ကာကွယ်တိုက်ဖျက်ကြိုးပမ်းလျက် ရှိနေပါတယ်။ နိုင်ငံတော်အနေနဲ့ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဥပဒေကိုပြဋ္ဌာန်းပြီး ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့မှာ နည်းဥပဒေကို ပြဋ္ဌာန်းထားရှိခဲ့ပါတယ်။ နိုင်ငံတော်မှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ စိစစ်ပြီး CEDDEC နဲ့ ၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ရက်နေ့မှာ စတင်ဖွဲ့စည်းပေးခဲ့ပြီး ၁၉၈၉၊ ၁၉၉၃၊ ၁၉၉၇၊ ၂၀၀၇ နှင့်

၂၀၁၁ ခုနှစ်တို့မှာ ၅ကြိမ် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေနဲ့ လူသားမျိုးနွယ်တစ်ရပ်လုံးအန္တရာယ်ပြုနေတဲ့ မူးယစ်ဆေးဝါးကို ထိရောက်စွာတိုက်ဖျက်နိုင်ရေးအတွက် မဟာဗျူဟာနှစ်ရပ်ဖြစ်တဲ့ (၁) မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ရန်၍ ဘက်ပေါင်းစုံမှာ တိုက်ဖျက်ချေမှုန်းရေး၊ (၂) နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်စေရေး ချမှတ်ခဲ့ပါတယ်။ မဟာဗျူဟာ အကောင်အထည်ဖော်နိုင်ရန် နည်းဗျူဟာသုံးရပ်ဖြစ်တဲ့ (၁) ထုတ်လုပ်မှုပပျောက်ရေး (၂) သုံးစွဲမှုပပျော်ရေး(၃) တားဆီးနှိမ်နင်းရေးတို့ကို ချမှတ်ခဲ့ပါတယ်။ ၎င်းလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် နည်းနာအနိသရသုံးရပ်ဖြစ်တဲ့(၁) မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်သုံးစွဲသူများရဲ့ ယုံကြည်ချက်၊ ခံယူချက်နှင့်အတူ စိတ်ဓာတ်မြင့်မားတိုးတက်ပြောင်းလဲလာရန် (၂) တောင်ပေါ်မြေပြန့်တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာ ကူးလူးဆက်ဆံနိုင်ရန် (၃)နယ်စပ်ဒေသရှိ တိုင်းရင်းသားများရဲ့ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မြင့်မားရေးတို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ရဲ့ မူးဝါဒများနှင့်အညီနေတာ ဖော်ဆောင်လျက်ရှိပါတယ်။ နိုင်ငံတော်ဟာမူးယစ်ဆေးဝါးကို အမျိုးသားရေးအန္တရာယ်အဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ် အရှိန်အဟုန်မြင့်တိုက်ဖျက်နှိမ်နင်းရာမှာ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးကို ပိုမိုထိရောက်စွာလုပ်ဆောင်နိုင်ရေးအတွက် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၂ ဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးနှိမ်နင်းရေးဗဟိုအဖွဲ့အောက်မှာ အဖွဲ့များကို တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့၊ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့၊ သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအသိပညာပေးရေးအဖွဲ့၊ ပြည်သူများကို အသိပညာပေးလှုံ့ဆော်ရေးအဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးအဖွဲ့နဲ့ ထိန်းချုပ်ဓာတုဗေဒပစ္စည်းများကြီးကြပ်ရေးအဖွဲ့ဟူ၍ လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ၁၉၉၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ မူးယစ်ဗဟိုနှင့် တားဆီးနှိမ်နင်းရေးဌာနကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့မှာ မူးယစ်ဗဟိုနှင့်

မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ ပြင်ဆင်ဖွဲ့စည်းကာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးအဖွဲ့ ၂၆ ဖွဲ့တို့ကို တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အဖြစ် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခဲ့ပြီး တားဆီးနှိမ်နင်းရေးလုပ်ငန်းများအတွက် တပ်ဖွဲ့ခွဲ(၁)မန္တလေး၊ တပ်ဖွဲ့ခွဲ(၂)တောင်ကြီး၊ တပ်ဖွဲ့ခွဲ(၃) ရန်ကုန်နှင့် မူးယစ်တပ်ဖွဲ့စု ၅၀ နှင့် တိုးချဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်၏ မူးယစ်ဆေးဝါးပြဿနာများ လျော့နည်းကျဆင်းသွားစေဖို့ ပြည်ပနိုင်ငံများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့များ နှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အပြင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာ ကွယ်ရေးဗဟိုအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅ ဖြင့် ဆိုင်ရာမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်ကို တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်အထိ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ထားရှိ ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အတွင်း မူးယစ် ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့် ဆောင်ရွက်ပေးလျက်ရှိခြင်းဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သုံးစွဲမှုပြဿနာများ လျော့နည်းကျဆင်း သွားရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးပြဿနာကို နိုင်ငံတကာနှင့် ပူးပေါင်းထိန်းချုပ်ဖြေရှင်းနိုင်ရေးအတွက် မြန်မာနိုင်ငံဟာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ရုရှား၊ လာအို၊ ဖိလစ်ပိုင်၊ တရုတ်၊ ထိုင်း၊ အမေရိကန်တို့နှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာ-တရုတ်၊ မြန်မာ-ထိုင်း၊ မြန်မာ-အိန္ဒိယ၊ မြန်မာ- လာအို၊ မြန်မာ-ဘင်္ဂလာဒေ့ရှ်နှင့် မူးယစ်ဆေးဝါးဆိုင်ရာ ပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေးတွေကို လည်း တစ်နှစ်လျှင်တစ်ကြိမ် အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပကာ အလိုရှိ မူးယစ်တရားခံပြေးသတင်းများနှင့် အခြားမူးယစ်ဆေးဝါးဆိုင်ရာသတင်း အချက်အလက်တစ်လှည့်ချင်း ပေါင်းစပ်ညှိနှိုင်းခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ် ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို အိမ်နီးချင်းနိုင်ငံများနှင့် သတင်းဖလှယ်ပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ဆက်ဆံရေးရုံး၊ Boder List Office တွေကိုလည်း ဖွင့်လှစ် ဆောင်ရွက်လျက်ရှိရာမှာ မြန်မာ-တရုတ်နယ်စပ်မှာ လွယ်ကျယ်၊ ရွှေးရွှေရော၊ မူဆယ်နှင့် လောက်ကိုင်၊ မြန်မာ-လာအိုနယ်စပ်မှာ လွမ်ပိုနှင့်လွမ်းချင်၊ မြန်မာ- ထိုင်းနယ်စပ်မှာ တာချီလိတ်၊ မြဝတီနှင့်

ကော့သောင်း စုစုပေါင်း ကိုးရုံးကို ဖွင့်လှစ်ထားရှိပြီး အောက်ခြေအဆင့် မူးယစ်ဆေးဝါး သတင်းဖလှယ်မှုတွေကိုလည်း အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တွင်း ပြည်ပမှ NGO၊ INGO အဖွဲ့အစည်းများ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး၊ UNODC အဖွဲ့များနှင့်လည်း ပူးပေါင်းပါဝင်ပြီး မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်ရေးကို ကဏ္ဍပေါင်းစုံက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟို အဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးထုတ်လုပ်မှု ပပျောက်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အထူးစစ်ဆင်ရေးစီမံချက်များရေးဆွဲပြီး၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာအဖွဲ့အစည်းများ အားလုံး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၃ ခုနှစ်မှစ၍ ကလေး၊ တမူး ဒေသအတွင်းမှာ သီတာစစ်ဆင်ရေး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်မြေအတွင်းမှာ ရွှေလီစစ်ဆင်ရေး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မောလိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်နှင့် ခန္တီးခရိုင်၊ ခန္တီးမြို့နယ်တို့မှာ ချင်းတွင်း စစ်ဆင်ရေး၊ မန္တလေးတိုင်းဒေသကြီးမှာ ရတနာပုံစစ်ဆင်ရေး၊ မွန်ပြည်နယ်အတွင်း ရာမညစစ်ဆင်ရေး၊ ကရင်ပြည်နယ်အတွင်း ဇွဲကပင်စစ်ဆင်ရေး၊ မန္တလေးတိုင်းဒေသကြီး၊ နယ်မြေအတွင်း ရတနာပုံ စစ်ဆင်ရေး(၂)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းမှာ မဲခေါင်စစ်ဆင်ရေး(၁)၊ ရှမ်းပြည်နယ်တစ်ခု လုံးမှာ မဲခေါင်စစ်ဆင်ရေး(၂)၊ ရွှေလီစစ်ဆင်ရေး(၂)၊ သံလွင်စစ်ဆင်ရေး၊ ရခိုင်ပြည်နယ်အတွင်းမှာ ဓညဝတီစစ်ဆင်ရေး၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာ ပေါင်းလောင်းစစ်ဆင်ရေးအမည် များဖြင့် စစ်ဆင်ရေးကာလမျာသတ်မှတ်ကာ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှု တားဆီးနှိမ်နင်း ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဖော်ထုတ်ဖမ်းဆီးမှုများ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်မှု များကြောင့် နယ်မြေဒေသအလိုက် မူးယစ်ဆေးဝါးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ်သည့် နေရာများ၊ ဆက်စပ်ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးပြားများ၊ တရားခံများ ဖမ်းစီးရမိခဲ့သည့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ခဲ့ ကြောင်း တင်ပြအပ်ပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ရာမှာ ကုလသမဂ္ဂမူးယစ်ဆေးဝါး နှင့် ပြစ်မှုဆိုင်ရာရုံးရဲ့ လမ်းညွှန်ချက် UNODC Guide Line Principal နှင့်အညီ ဒေသခံများရဲ့ ရေရှည်အကျိုးစီးပွားအတွက် အစားထိုးလုပ်ငန်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဘိန်းအစားထိုးသီးနှံများ

စိုက်ပျိုးခြင်းကို UNODC နှင့်ပူးပေါင်းပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုန်းမြို့နယ်နှင့် လွယ်လင်မြို့နယ်တွေမှာ အဆင့်မြင့်ကော်ဖီဟက်တာ(၄၀၀) စိုက်ပျိုးထားရှိပြီး ကော်ဖီစိုက်ပျိုးသူများ သမဝါယမအသင်းထူထောင်ကာ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အဖွဲ့နှင့်ပူးပေါင်းပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်အတွင်းမှာရှိတဲ့ ကျေးရွာ (၅၆) ရွာမှာ ရေရှည်အကျိုးဖြစ်ထွန်းစေမယ့် အစားထိုးစိုက်ပျိုးရေးလုပ်ငန်းတွေကိုလည်း ဘတ်ငွေသန်း ၃၅၀ ရင်းနှီးမတည်ပြီး ၆ နှစ်စီမံကိန်းကို ၂၀၁၃ ခုနှစ်မှ စတင်ဆောင်ရွက်လျက် ရှိပါတယ်။ တရုတ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်နှင့်ပူးပေါင်းပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ်၊ ကောင်းခါးဒေသနှင့် တာမိုးညဲဒေသတို့မှာ အစားထိုးဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ယခု အခါ ကမ္ဘာ့နိုင်ငံအသီးသီးမှာ စိတ်ကြွရူးသွပ်ဆေးပြားနှင့် စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါး အန္တရာယ် ကြီးထွားလာခဲ့ပြီး မိမိတို့နိုင်ငံအတွင်းမှာလည်း စိတ်ကြွရူးသွပ်ဆေးပြား ပြဿနာကို ရင်ဆိုင် ဖြေရှင်းရလျက်ရှိပါတယ်။ ဒ့ါအပြင် မူးယစ်ဆေးဝါးထုတ်လုပ်ရာမှာ အသုံးပြုတဲ့ ထိန်းချုပ်ဓာတုဗေဒ ပစ္စည်းများဟာ အချို့သောအိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် တရားမဝင်နယ်စပ် ဖြတ်ကျော်ဝင်ရောက်မှု ပြဿနာများကိုလည်း ရင်ဆိုင်ဖြေရှင်းရလျက်ရှိပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကြွရူးသွပ်ဆေးပြား များ ထုတ်လုပ်မှုပြဿနာဟာ အချို့သောအိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်လျက်ရှိတဲ့ နယ်စပ်ဒေသ တွေမှာ အဓိကဖြစ်ပေါ်လျက်ရှိပါတယ်။ နိုင်ငံတိုင်းမှာ နိုင်ငံဖြတ်ကျော် မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်တဲ့လုပ်ငန်းအပေါ် စိုးရိမ်ပူပန်ခဲ့ရပြီး တစ်နိုင်ငံချင်း သီးသန့်ဖြေရှင်း၍ရနိုင်သော ပြဿနာ မဟုတ်သည့်အတွက် အဆိုပါပြဿနာကို ထိရောက်စွာ ဖြေရှင်းနိုင်ရန် တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့ပါဝင်တဲ့ မဲခေါင်ပေါင်းစပ်ညှိနှိုင်းရေး Save MaeKung Coordination Centre သုံးနှစ်စီမံကိန်းကိုလည်း ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအထိ ရေးဆွဲထားရှိခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် မူးယစ် ဆေးဝါးနှင့် ထိန်းချုပ်ဓာတုဗေဒပစ္စည်းများ အများဆုံးဖမ်းဆီးရမိတဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ကို စစ်ဆင်ရေးနယ်မြေများအဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးပြဿနာဟာ လူတစ်ဦး တစ်ယောက်၊ အိမ်ထောင်စုတစ်စု၊ နိုင်ငံတစ်နိုင်ငံတည်းရဲ့ပြဿနာ မဟုတ်ဘဲ ကမ္ဘာ့လူသားအားလုံးရဲ့

ပြဿနာဖြစ်တဲ့အတွက် တစ်ကမ္ဘာလုံးမှာရှိတဲ့လူသားတိုင်း၊ ပြည်သူလူထုတိုင်း ပူးပေါင်းတိုက်ဖျက်သွားကြရမှာဖြစ်ပါတယ်။ ပြည်သူလူထုများ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းအဖွဲ့များဟာ မူးယစ်ဆေးဝါးရောင်းချသူများနှင့် သုံးစွဲသူများအတွက် နေရာမရှိအောင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့များနှင့် ယခုထက်ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ပိုမိုတားဆီးကာကွယ်လာနိုင်မှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပြဿနာမှာ ဘိန်းစိုက်ပျိုးရေးပြဿနာ တစ်ခုတည်းမဟုတ်တော့ဘဲ ၁၉၉၆ ခုနှစ်မှစတင်၍ စိတ်ကြွရူးသွပ်ဆေးပြားနှင့် အခြားစိတ်ပြောင်း ဆေးသစ်များပြဿနာဟာ ထပ်မံကြီးထွားလာတဲ့အပြင် ဘိန်းစိုက်ပျိုးမှုပြဿနာဟာ ၁၅ နှစ်စီမံကိန်း စတင်ခဲ့တဲ့ ၁၉၉၉ ခုနှစ်ကနေ ၂၀၀၆ ခုနှစ်အထိ သိသိသာသာကျဆင်းခဲ့သော်လည်း ၂၀၀၇ ခုနှစ်မှစတင်၍ ပြန်လည်မြင့်တက်လာခြင်းကြောင့် မူးယစ်ဆေးဝါးပပျောက်ရေး ငါးနှစ် စီမံကိန်းကို ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ ထပ်မံရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ငါးနှစ်စီမံကိန်းဟာ မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် ပြည်သူတို့နှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးစသည့် ကဏ္ဍပေါင်းစုံမှ အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေး ငါးနှစ်စီမံကိန်းကာလအတွင်း အဓိကအားဖြင့် ထုတ်လုပ်မှုလျော့ချနိုင်ရေးအတွက် ရှမ်းပြည်နယ်မှာ မြို့နယ် ၄၀၊ ကချင်ပြည်နယ်မှာ ခြောက်မြို့နယ်၊ ကရင်ပြည်နယ်အတွင်းမှာ သုံးမြို့နယ်၊ ချင်းပြည်နယ်အတွင်းမှာ နှစ်မြို့နယ် စုစုပေါင်း ၅၁ မြို့နယ်ကို ဦးစားပေးမြို့နယ်များအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးဆိုင်ရာပြဿနာဟာ အကြောင်းအရာများစွာအပေါ် အခြေခံလျက်ရှိပြီး အဓိကအကြောင်းအရာများအနေနဲ့ကတော့ နယ်စပ်ဒေသဖြစ်ခြင်း၊ တောထောင်ထူထပ်၍ လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ စီးပွားရေးတွက်ခြေကိုက်သည့် သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်သည့် ပတ်ဝန်းကျင်ကောင်းမရှိခြင်း၊ ထွက်ရှိသည့် သီးနှံများအတွက်လည်း ဒေသခံများအတွက် ဈေးကွက်အလှမ်းဝေးခြင်း၊ ဒေသခံများအနေဖြင့် ဆင်းရဲမွဲတေခြင်းတို့ဟာ ဘိန်းစိုက်ပျိုးမှုသာမက မူးယစ်ဆေးဝါးနှင့်စိတ်ကြွရူးသွပ်ဆေးပြား များထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုများအတွက် အခြေအနေဖန်တီးပေးနိုင်မှုအဓိကဖြစ်ပေါ်စေလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများထုတ်လုပ်တဲ့လုပ်ငန်းတွေဟာ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး လုံခြုံရေးအုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးမှု အရမ်းအားနည်းတဲ့ အချို့သောနယ်စပ်ဒေသတွေကို အခြေပြုလုပ်ဆောင်ကြပြီး

ထုတ်လုပ်မှုလုပ်ငန်းများအတွက် အခိုင်အမာအဆောက်အဦဆောက်လုပ်ရန် မလိုအပ်ဘဲ ယာယီတဲများ၊ လူနေအဆောက်အအုံများ၌ပင် အသေးစား၊ အပေါ့စား စက်ကိရိယာများဖြင့် အလွယ်တကူရွှေ့ပြောင်းလုပ်ဆောင်နိုင်ခြင်း၊ နေရာအတည်တကျမရှိဘဲ မကြာခဏလျှို့ဝှက်ရွှေ့ပြောင်း လုပ်ဆောင်ခြင်း၊ အချို့သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကာအကွယ်များရယူ၍ ဒေသအတွင်း သတင်းအမှောင်ချလုပ်ဆောင်ခြင်းတို့ကြောင့် မူးယ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ဆောင်တဲ့ တပ်ဖွဲ့များအတွက် လက်ရှိအခြေအနေမှာ သတင်းလက်ဦးမှုရယူဖော်ထုတ်ချေမှုန်းနိုင်မှု အားနည်းချက်များဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးမှာ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု၊ နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရား စနစ်တကျလည်ပတ်နိုင်မှုနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နိုင်မှုဟာ အဓိက အခန်းကဏ္ဍဖြစ်ပြီးတော့ ဒေသခံပြည်သူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အားလုံးပူးပေါင်းဆောင်ရွက်မှုဟာ အထူးပဲ အရေးကြီးလိုအပ်လျက်ရှိလှပါတယ်။ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိတဲ့ သွားလာရန်ခက်ခဲတဲ့အချို့သော နယ်စပ်ဒေသတွေမှာ တရားမဝင်နယ်စပ်ဝင်ထွက်ပေါက်မှတစ်ဆင့် မူးယစ်ဆေးဝါးချက်လုပ်ရာမှာ အဓိကလိုအပ်သော ပရီကာဆာနှင့် ဓာတုပစ္စည်းများ အလွယ်တကူဝင်ရောက်လျက်ရှိပြီး ၎င်းတို့ကိုအသုံးပြု၍ ထွက်ရှိလာသော မူးယစ်ဆေးဝါးတွေဟာလည်း ပရီကာဆာနှင့် ဓာတုဗေဒပစ္စည်းများ ဝင်ရောက်လာတဲ့ လမ်းကြောင်းများအတိုင်း အများစုပြန်လည်သယ်ဆောင်လျက်ရှိတဲ့အတွက် တားဆီးနှိမ်နင်းရေးအဖွဲ့များအနေဖြင့် ထိရောက်စွာ တားဆီးထိန်းချုပ်ရန် စိန်ခေါ်မှုများအဖြစ် ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(NCA) လက်မှတ်ရေးထိုးပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ကာ ထာဝရငြိမ်းချမ်းရေး ရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်တဲ့ တိုင်းရင်းသားအဖွဲ့အစည်းများနှင့်လည်း သက်ဆိုင်ရာဒေသများနှင့် နိုင်ငံတစ်ဝှမ်းမူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သို့ပါ၍ နိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးနိုင်ပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လာနိုင်

သည်နှင့်အမျှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသာမက တစ်နိုင်ငံလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် မူးယစ်ဆေးဝါးအန္တရာယ် အမြစ်ပြတ်ချေမှုန်းနိုင်ရေးကိုပါ အမျိုးသား ရေးအသွင်ဖြင့် ဖော်ဆောင်လာနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားမှုအခြေအနေများနှင့်ပတ်သက်ပြီး စနစ်ကျ၍ ထိရောက်မှုရှိသော အစီအမံများထားရှိမှုရှိ/မရှိ၊ ရှိပါလျှင် ယင်းအစီအမံများကို မည်သို့ အကောင် အထည်ဖော်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာဦးမြင့်သိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မီးဘေး အန္တရာယ်ကာကွယ်ရေးအတွက် နိုင်ငံတော်အစိုးရမှ စီမံဆောင်ရွက်ထားမှုများကို မေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းလောက်ကစပြီးတော့ ကျွန်တော်တို့တိုင်းပြည်ရဲ့ မြို့/ရွာအချို့မှာ မီးလောင်မှုများ ဖြစ်ပွားခဲ့ပါတယ်။ ဒီမီးလောင်မှုများထဲက ရန်ကုန်မြို့ မင်္ဂလာဈေး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နမ့်စန်မြို့၊ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ် ကျောက္ကာမြို့၊ မန္တလေးမြို့ မင်္ဂလာဈေးတို့မှာ စံချိန်တင်လောက်အောင်ကို ဆုံးရှုံးမှုပမာဏများ ကြီးမားခဲ့တာကို တွေ့ရပါတယ်။ မီးလောင်မှုများကို လေ့လာကြည့်ရာမှာ ပေါ့ဆမီးများဟာ အများဆုံးဖြစ်ပါတယ်။ မီးကြွင်းမီးကျန်များကို ပေါ့ဆစွာထားရှိမှု၊ လျှပ်စစ်မီးသုံးစွဲရာမှာ ပေါ့ဆမှု၊ မီးလောင်ပေါက်ကွဲစေတတ်တဲ့ပစ္စည်းများကို အသုံးပြုရာမှာ ပေါ့ဆမှု များကစပြီး မီးလောင်ကျွမ်းပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုပေါ့ဆမှုကစတဲ့ မီးလောင်မှုများဟာ (၁) အဆောက်အဦနေရာ ထိုင်ခင်းများတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ခေတ်မီ၊ စံချိန်မီပစ္စည်းကိရိယာများ ကြိုတင် တပ်ဆင်ပြင်ဆင်မှု အားနည်းခြင်း၊ (၂) မီးသတ်ကားများ အလွယ်တကူဝင်/ထွက်သွားလာနိုင်မှု၊ မီးငြိမ်း

သတ်ရန် ရေအလွယ်တကူရရှိနိုင်မှု စတဲ့မြို့ပြဆိုင်ရာလိုအပ်ချက်များ ပြည့်စုံစွာမရှိခြင်း၊ (၃) မီးလောင်ပေါက်ကွဲစေတတ်တဲ့ပစ္စည်းများ၊ လောင်စာဆီများကို လူနေရပ်ကွက်များတွင် သိုလှောင်ထားရှိရောင်းချခြင်း စတဲ့အချက်များကြောင့် မီးလောင်ဆုံးရှုံးမှုပမာဏများ ကြီးမားလာရကြောင်းကိုလည်း ဖော်ပြပါဒေသများမှ လောင်ကျွမ်းတဲ့ မီးလောင်မှုများမှ လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ကျရောက်ခဲ့တဲ့ လေဘေး၊ ရေဘေး၊ မီးဘေး အန္တရာယ်များမှာ မီးဘေးအန္တရာယ်ဖြစ်မှုဟာ ၇၀ ရာခိုင်နှုန်းရှိပါတယ်။ မီးလောင်ခြင်းဟာ ရာသီဥတုလည်းမရွေးပါဘူး။ အချိန်အခါလည်း မရွေးပါဘူး။ ဒါကြောင့်မို့လို့လဲ မီးသတ်ဦးစီးဌာနအနေနဲ့ မီးဘေးရှောင်မလောင်ခင်တားနိုင်အောင်အတွက် ပညာပေးလှုံ့ဆော်မှုများ၊ တိုက်တွန်းမှုများကိုလည်းပဲ စဉ်ဆက်မပြတ်လုပ်ဆောင်နေတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ သို့သော်ငြားလည်း ဒီလိုပြုလုပ်လျက်ရှိတဲ့ကြားကပဲ မီးလောင်မှုများကလည်း တိုးပွားလျက်ရှိနေတာကို တွေ့ရှိရပါတယ်။ ဆုံးရှုံးပျက်စီးတဲ့ပမာဏများဟာလည်း တိုးတက်လျက်ရှိနေတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော်ဖော်ပြခဲ့တဲ့အချက်များကို အခြေပြုပြီးတော့ (၁) နိုင်ငံတော်အစိုးရ၌ မီးဘေးကာကွယ်ရေးအတွက် စနစ်ကျန၍ ပိုမိုထိရောက်မှုရှိသော အစီအမံများရှိ/မရှိ။ (၂) ရှိပါလျှင် ယင်းတို့ကို မည်သို့အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသည်ကို မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ညောင်လေးပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းရဲ့ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် စီမံ ဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်ပြီး စနစ်၍ထိရောက်မှုရှိသော အစီအမံများထားရှိမှုရှိ/မရှိ။ ရှိပါလျှင် ယင်းအစီအမံများကို မည်သို့အကောင်အထည်ဖော်

ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို ကျွန်တော်မှ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ မီးသတ်ဦးစီးဌာနအနေနဲ့ နိုင်ငံတော်နှင့်ပြည်သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်များ၊ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ ကာကွယ်တားဆီးရန်နှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားရုတ်တရက်ဖြစ်ပွားလာသော ဘေးအန္တရာယ်များ ကျရောက်သောအခါရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားရှိပါတယ်။ အဆိုပါ ရည်ရွယ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်တာဝန်များနှင့်အညီ မီးသတ်ဦးစီးဌာနဟာ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စတဲ့ရည်မှန်းချက်လေးရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်စေလျက်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနရဲ့ ရည်မှန်းချက်တာဝန်တစ်ရပ်ဖြစ်သော မီးဘေးလုံခြုံရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ မီးသတိမူရေးလုပ်ငန်း၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းစသည်ဖြင့် အပိုင်းသုံးပိုင်းခွဲ၍ လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့ မီးဘေးလုံခြုံရေး ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေကို ၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁/၂၀၁၅ ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နည်းဥပဒေများကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှာလည်းကောင်း ခေတ်စနစ်နှင့်လိုက်လျောညီထွေမှုရှိစေရေး အသစ်ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ပုဒ်မ ၄ အရ မီးသတ်လုံခြုံရေးဗဟိုအဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဌာနမှ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌများ၊ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းများမှ အကြီးအမှူးများ၊ မီးဘေးလုံခြုံရေးကို စိတ်ပါဝင်စားတဲ့ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များမှ အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်မှာ အတွင်းရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်မှာ တွဲဖက်အတွင်းရေးမှူး

အဖြစ်လည်းကောင်း ဖွဲ့စည်းပြီး နိုင်ငံတော်ရဲ့ မီးဘေးလုံခြုံရေးလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ မီးဘေးလုံခြုံရေးဗဟိုအဖွဲ့ဟာ မီးဘေးလုံခြုံရေးဆိုင်ရာလုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ကာကွယ်ရေးဖြင့် ကျရောက်တဲ့အခါ ရှာဖွေကယ်ဆယ်ရေးအတွက် မီးသတ်တပ်ဖွဲ့မှ ကူညီဆောင်ရွက်မယ့်အစီအစဉ်များ ချမှတ်ခြင်း၊ မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့်တို့ရဲ့လုပ်ငန်းတာဝန်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ မီးသတ်တပ်ဖွဲ့လုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းစတဲ့လုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဥပဒေပုဒ်မ ၆ အရ ပြည်ထောင်စု နယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မီးဘေးလုံခြုံရေးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မီးဘေးလုံခြုံရေးအဖွဲ့၊ ခရိုင်မီးဘေးလုံခြုံရေးအဖွဲ့၊ မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့၊ မြို့မီးဘေးလုံခြုံရေးအဖွဲ့နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမီးဘေးလုံခြုံရေးအဖွဲ့များကို စသည်ဖြင့် မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့်ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ မြို့နယ်အလိုက်ဖွဲ့စည်းထားတဲ့ မီးဘေးလုံခြုံရေးအဖွဲ့များအနေနဲ့ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ဖွဲ့စည်းထားတဲ့ မီးဘေးလုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်းပြီး မြို့နယ်အတွင်း မီးလောင်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး အကောင်အထည်ဖော်ရမယ့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး တွေ့ဆုံညှိနှိုင်းခြင်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ မီးသတ်စခန်းများမှာလည်း ရေအသင့်၊ ဆီအသင့်၊ စက်အသင့်၊ လူအသင့်ဖြစ်စေရေး မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့များမှ ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ မီးသတ်လုပ်ငန်းများ ပိုမိုထိရောက်မှုရှိစေရန် မီးသတ်စခန်းတွေကို ယခင်က မီးငြိမ်းသတ်ရေးတစ်ခုတည်းကိုသာဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခဲ့ရာမှာ နိုင်ငံတစ်ဝှမ်းလုံး မြို့/ရွာများ မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လာစေရန် နိုင်ငံတကာမီးသတ်တပ်ဖွဲ့များနည်းတူ ရင်ဘောင်တန်းဆောင်ရွက်နိုင်ရန်နှင့် တိုးတက်ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့ လျော်ညီမှုရှိစေရန် မီးသတ်စခန်းတစ်ခုတည်းမှာ မီးငြိမ်းသတ်ရေးလုပ်ငန်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ဖို့အတွက် ပြင်ဆင်ဖွဲ့စည်းမှုများ ဆောင်ရွက်ထားရှိခဲ့ပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်မီးသတ်ဦးစီးမှူးရုံး ၁၅ ရုံး၊ ခရိုင်မီးသတ်ဦးစီးမှူးရုံး ၇၃ ရုံး၊ ခရိုင်မီးသတ် စခန်း ၇၃ ခု၊ မြို့နယ်မီးသတ်ဦးစီးမှူးရုံး ၃၃၀ ရုံး၊ မြို့နယ်မီးသတ်စခန်း ၃၃၀ နှင့် နယ်မြေမီးသတ်စခန်း ၂၀၃ ခုတို့ကို ဖွဲ့စည်းရန်အတွက် ဖွဲ့စည်းပုံများ ခွင့်ပြုမိန့်ရရှိထားခဲ့ရာမှာ လက်ရှိအနေအထားအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်မီးသတ်ဦးစီးမှူးရုံး ၁၅ ရုံး၊ ခရိုင်မီးသတ်တပ်ဖွဲ့ ဦးစီးမှူးရုံး ၇၃ ရုံး၊ ခရိုင်မီးသတ် စခန်း ၇၃ ခု၊ မြို့နယ်မီးသတ်ဦးစီးမှူးရုံး ၃၃၀၊ မြို့နယ်မီးသတ်စခန်း ၃၃၀ တို့ကို ဖွင့်လှစ်ထားရှိခဲ့ပြီး နယ်မြေမီးသတ်စခန်း ၇၀၃ ခုအနက်က ၄၂၈ ခုကို ဖွင့်လှစ်ထားရှိနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကျန်ရှိနေသော နယ်မြေမီးသတ်စခန်း ၂၇၅ ခုကိုလည်း အသစ်ထပ်မံဖွဲ့စည်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ မီးသတ်ဦးစီးဌာနရဲ့ ဖွဲ့စည်းပုံအရ တပ်ဖွဲ့အင်အားဟာ ဖွဲ့စည်းပုံခွင့်ပြုအင်အား ၁၄၇၃၆ ဦးရှိပြီး လက်ရှိမှာ တပ်ဖွဲ့ဝင် ၈၂၁၆ ဦးရှိပြီး ဖွဲ့စည်းပုံရဲ့ ၃၂.၂ ရာခိုင်နှုန်းကို ခန့်အပ်ထားပြီး မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြပါတယ်။ မီးသတ်ယာဉ်စက်များ ဖြည့်တင်းမှု အခြေအနေမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မတိုင်မီ မီးသတ်ယာဉ်စုစုပေါင်း တစ်နိုင်ငံလုံးကို ၁၂၈၂ စီးရှိရာမှာ မီးသတ်ယာဉ်အမျိုးအစား လေးမျိုးသတ်မှတ်ပြီး ဖြည့်တင်းဆောင်ရွက် ခဲ့ရာမှာ ၂၀၁၁-၂၀၁၂ ခုနှစ်ကနေ ၂၀၁၅-၂၀၁၆ ခုနှစ်ထိ မီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေယာဉ်၊ မီးသတ်စက်ယာဉ်၊ မီးသတ်အထောက်အကူပြုယာဉ် စုစုပေါင်း ၁၇၃၅ စီး ထပ်မံဖြည့်တင်းနိုင်ခဲ့တဲ့အတွက် လက်ရှိမှာ စုစုပေါင်း မီးသတ်ယာဉ် ၃၀၁၇ စီးဖြင့် တစ်နိုင်ငံလုံး ဖြန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ အရံမီးသတ်တပ်ဖွဲ့ဝင် ၂၈၁၂၅၇ ဦး၊ စက်ရုံ/အလုပ်ရုံ၊ လုပ်ငန်းဌာနများမှာ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၁၇၄၄၁ ဦး စည်းရုံးဖွဲ့စည်းထားရှိပြီး မြို့/ရွာရပ်ကွက်များရဲ့ မီးဘေးလုံခြုံရေးနဲ့ မီးဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မီးဘေးလုံခြုံရေး စီမံချက် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသော မတော်တဆမှုဖြစ်စဉ်များ ဖြစ်ပွားလာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ ရှာဖွေကယ်ဆယ်ရေးစီမံချက်တွေကို တိုင်းဒေသကြီး/ပြည်နယ် ခရိုင်/မြို့နယ်အလိုက် နှစ်စဉ်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ယခုနှစ် ၂၀၁၆ ခုနှစ်မှာလည်း မီးသတ်ဦးစီးဌာနမှ တစ်နိုင်ငံလုံး မီးဘေးလုံခြုံရေးစီမံချက်၊ ရှာဖွေကယ်ဆယ်ရေးစီမံချက်၊ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်/ခရိုင်အလိုက် မီးဘေးလုံခြုံရေးစီမံချက်၊

ရှာဖွေကယ်ဆယ်ရေးစီမံချက်တွေကို ရေးဆွဲထားရှိပြီး စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ခုနှစ်ဖြစ်တဲ့ ၂၀၁၆ ခုနှစ်မှာ ဖြစ်ပေါ်နေဆဲဖြစ်တဲ့ အယ်လ်နီညိုရဲ့အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှာဖြစ်ပေါ်လာနိုင်တဲ့ သဘာဝဘေးအန္တရာယ်ကိုကြိုတင်ကာကွယ်နိုင်ဖို့အတွက် မီးသတ်ဦးစီးဌာနအနေနဲ့လည်း အယ်လ်နီညိုတုံ့ပြန်ရေးစီမံချက်ကိုတစ်နိုင်ငံလုံးစီမံချက်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မီးဘေးလုံခြုံရေးစီမံချက်လုပ်ငန်းတွေကို အောက်ဖော်ပြပါ လုပ်ငန်းစဉ်များအဖြစ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ (၁) ပြည်သူလူထုအသိပညာပေးခြင်းလုပ်ငန်း၊ ပြည်သူများ မီးဘေးအန္တရာယ်အကြောင်း သိရှိစေရန်၊ လေ့လာနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် ပြည်လမ်းမှာ မီးသတ်သုတေသနဌာနနှင့် မီးဘေးလုံခြုံရေးအသိပညာပေးရေးဌာန(Fire City Education and Research Centre) ကို ၂၀၁၃ ခုနှစ်၊ မေလ ၅ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ အဆိုပါ သုတေသနနှင့် မီးဘေးလုံခြုံရေးအသိပညာပေးဌာနမှာ မီးဘေးလုံခြုံရေးဆိုင်ရာ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာပညာရပ်တွေကိုပြည်သူလူထု၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်ရုံ/အလုပ်ရုံ/သိုလှောင်ရုံ၊ စက်သုံးဆီအရောင်းဆိုင်များမှ မီးဘေးလုံခြုံရေးတာဝန်ခံများအဖြစ် မီးဘေးလုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန် မီးဘေးလုံခြုံရေးတာဝန်ခံ Fire Safety Manager သင်တန်းကိုအပတ်စဉ်တစ်ခုလျှင် သင်တန်းသား ၅၀ ဦးနှုန်းဖြင့် မီးဘေးလုံခြုံရေးအသိပညာရပ်များ နိုင်ငံတစ်ဝှမ်းစိမ့်ဝင်ပျံ့နှံ့စေရေးအတွက် သင်တန်းအကြိမ် ၃၅ ကြိမ် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့သလိုဆက်လက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် မီးဘေးအန္တရာယ်အပါအဝင် သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း နိုင်ငံတစ်ဝှမ်းစိမ့်ဝင်ပျံ့နှံ့စေရေးအတွက် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဧပြီလကုန်အထိ စာသင်ကျောင်း အခြေပြု မီးဘေးလုံခြုံရေးအသိပညာပေးခြင်းကို ၁၅၉၆ ကြိမ်၊ ရပ်ကွက်/ကျေးရွာအခြေပြုမီးဘေး လုံခြုံရေးအသိပညာပေးခြင်းကို ၂၅၅၀ ကြိမ်နဲ့ ရုံးဌာနအဖွဲ့အစည်းများမှာ မီးဘေးလုံခြုံရေးအသိပညာပေးခြင်းကို ၂၃၉၈ ကြိမ် ဆောင်ရွက်နိုင်ခဲ့တဲ့အပြင် နိုင်ငံပိုင်သတင်းစာများ၊ ပုဂ္ဂလိကဂျာနယ်များ၊ သတင်းဌာနများမှာ အသိပညာပေးခြင်း၊ ဆောင်းပါးများ ထုတ်ပြန်ပေးခြင်း၊ ရုပ်သံလိုင်း၊ FM ရေဒီယို

လိုင်းများမှ ပညာပေးဇာတ်လမ်း၊ ဗီဒီယိုများ၊ မီးဘေးလုံခြုံရေးအစီအစဉ်၊ မီးသတိမူရေးသီချင်းများ ထုတ်လွှင့်ဖော်ပြပေးလျက်ရှိပါတယ်။

(၂) မီးဘေးလုံခြုံရေးစစ်ဆေးခြင်း။ မီးသတ်တပ်ဖွဲ့ဥပဒေ ပုဒ်မ ၁၇ အရ တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့် တိုးတက် တည်ဆောက်လာတဲ့ စက်ရုံ/အလုပ်ရုံ၊ သိုလှောင်ရုံများ၊ ဟိုတယ်၊ မိုတယ်များ၊ လူနေတိုက်တာ အထပ်မြင့်အဆောက်အဦများ၊ ဈေးများ၊ လုပ်ငန်းဌာနအဖွဲ့အစည်းများ၊ မီးဘေးစိုးရိမ်ရသောလုပ်ငန်းများနှင့် ပြည်သူလူထုရဲ့အသက်အိုးအိမ်စည်းစိမ်များ မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် စစ်ဆေးခြင်း၊ အကြံပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နိုင်ရန် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်များသို့ လုပ်ပိုင်ခွင့်များ ခွဲဝေသတ်မှတ်ခဲ့ရာ အထပ်မြင့်အဆောက်အဦ စစ်ဆေးအကြံပြုချက်များကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် Fire Safety Certificate တွေကိုလည်း ထုတ်ပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ဒ့ါအပြင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအတွင်းမှာရှိတဲ့ လူနေထူထပ်သော ရပ်ကွက်/ကျေးရွာများအတွင်းမှာရှိတဲ့ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ စက်ရုံ/အလုပ်ရုံ/သိုလှောင်ရုံများ၊ ဘဏ်များ၊ ဟိုတယ်/မိုတယ်/အင်းများ၊ ဈေးများ/ရှောပင်းမောများနှင့် စက်သုံးဆီအရောင်းဆိုင်များကို မီးဘေးလုံခြုံရေးစစ်ဆေးခြင်းတွေကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

(၃) ရေလုံလောက်စွာရရှိရေးစီမံမှု။ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် မီးငြိမ်းသတ်ရေးအတွက် မီးသတ်ရေလုံလောက်စွာရရှိရန် မီးသတ်ရေကန်များတူးဖော်ခြင်း၊ ရေဖြည့်တင်းခြင်း၊ ရေရရှိနိုင်သောနေရာများ သတ်မှတ်ခြင်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ၁၂၅၀ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူလူထုအတွင်း သောက်သုံးရေဖြန့်ဝေခြင်းကို ၈၇၂ ကြိမ် ရေဂါလန်ပေါင်း ၁၃ သန်းကျော် ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။

(၄) သတင်းနှင့်နည်းပညာ စီမံဆောင်ရွက်ထားရှိမှု။ မီးသတ်ဦးစီးဌာနရဲ့မူဝါဒဖြစ်သော မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်နိုင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှာ Command and Control Center တစ်ခုကို တည်ဆောက်ထားရှိပါတယ်။ အဆိုပါ Command and Control Center မှာ စနစ်လေးမျိုးဖြစ်တဲ့ မီးလောင်ပြင်ကွပ်ကဲမှု

စနစ်(Fire Services Operation Management System)၊ မီးသတ်ယာဉ်ထွက်ခွာရာလမ်းကြောင်းပြစနစ်(Vehicle Tracking System)၊ မီးလောင်ပြင်တိုက်ရိုက်ကြည့်ရှုကွပ်ကဲမှုစနစ်(IP Camera System)၊ စောင့်ကြည့်မျှော်စင်စနစ်(e-Watching Tower System)တို့ကို တပ်ဆင်ထားရှိပြီး တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ဘတ်ဂျက်ဖြည့်တင်းစီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မီးငြိမ်းသတ်ရေးလုပ်ငန်းများဆောင်ရွက်ရာမှာ ပိုမိုထိရောက်မှုရှိစေဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် မီးငြိမ်းသတ်ယာဉ်ထွက်ခွာမှုစနစ်(Standard Operation Procedure)ကိုလည်း ဒေသအလိုက် ရေးဆွဲထားရှိပြီးဖြစ်ပါတယ်။ မီးလောင်မှုအရွယ်အစား၊ မီးဘေးစိုးရိမ်ရမှုအခြေအနေ၊ ရေရရှိနိုင်မှုအနေအထားပေါ်မူတည်ပြီး ယာဉ်အုပ်စုများ စုဖွဲ့ငြိမ်းသတ်မှုများလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှုဖြစ်ပွားပါက Level-1 မှာ မီးသတ်ယာဉ် ၁၀ စီး၊ Level-2 မှာ အစီး ၂၀၊ Level-3 မှာ အစီး ၄၀၊ Level-4 မှာ အစီး ၅၀ နှင့် Level-5 မှာ ၆၂ စီးအားဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း မီးလောင်မှုဖြစ်ပွားပါက Level-1 တွင် ၁၅ စီး၊ Level-2 တွင် ၃၅ စီး၊ Level-3 တွင် ၅၅ စီး၊ Level-4 တွင် ၇၅ စီး စသည်ဖြင့် ဒေသအလိုက် မီးလောင်မှုဖြစ်ပွားမှုအဆင့် Level အလိုက် မီးသတ်ယာဉ်များကိုလည်း အုပ်စုဖွဲ့ထွက်ခွာငြိမ်းသတ်စေမှုများကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

ယနေ့နိုင်ငံတော်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လူနေအဆောက်အဦများ တိုးတက်များပြားလာခြင်း၊ စီမံကိန်း၊ မြို့ကွက်အသစ်များ တိုးချဲ့ရာမှာ လူနေအဆောက်အဦများ တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ လူ့အသုံးအဆောင်ပစ္စည်းများ များပြားလာခြင်း၊ အိုးအိမ်အဆောက်အဦများ နီးကပ်စွာတည်ဆောက်လာခြင်း၊ မီးလောင်ပေါက်ကွဲစေတတ်တဲ့ ပစ္စည်း၊ လောင်စာများကို ရပ်ကွက်များအတွင်း တရားမဝင်သိုလှောင်ရောင်းချခြင်း၊ လမ်းများသွားလာရန် ကျဉ်းမြောင်းလာသဖြင့် မီးသတ်ယာဉ်များ ဝင်/ထွက်သွားလာရန်ခက်ခဲခြင်း၊ လမ်းကြားမြေ(မီးတားကွက်)များအပေါ်မှာ လူနေအဆောက်အဦများဆောက်လုပ်လာခြင်း၊ မီးငြိမ်းသတ်ရန် ရေရမှုအစီအမံများ အားနည်းနေခြင်းတို့ကြောင့် မီးလောင်မှုဖြစ်ပွားပါက ဆုံးရှုံးမှုများ ပိုမိုဖြစ်ပွားလာကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ သို့ပါ၍ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မီးသတ်ဦးစီးဌာနအနေနဲ့ မီးလောင်မှုအများဆုံးဖြစ်ပွားခဲ့တဲ့ အကြောင်းအရင်းတွေကို မျက်ခြေမပြတ်ဆန်းစစ်ပြီး ပြည်သူ

လူထုအသိပညာပေး(Public Awareness)လုပ်ငန်းတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြို့ပြ/ကျေးလက်ဒေသ မီးဘေးလုံခြုံရေးလုပ်ငန်းတွေကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းများအပြင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဥပဒေကြမ်းကော်မတီက တင်သွင်းသော နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းကော်မတီက တင်သွင်းသော နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့(၂-၅-၂၀၁၆)မှာ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၅-၅-၂၀၁၆ ရက် နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါ့ကြောင့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူ မရှိတဲ့အတွက် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၀း၅၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၁၀း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]